စက်ရုံလုပ်ငန်း

(၁) စက်ရုံတွင်လဲများစွာသောအန္တရာယ်များရှိသည်

- ဆောက်လုပ်ရေးလုပ်ငန်းတွင်းတွင်များစွာသောအန္တရာယ်များဖြစ်တတ်သည်။
- စက်ပစ္စည်းသုံး၍အလုပ်လုပ်ခြင်းဖြစ်သဖြင့်ကြီးမားသောအနာတရများဖြစ်တတ်၍ထပ်ခါထပ်ခါစစ်ဆေးပါ။
- အလုပ်မလုပ်ခင်စစ်ဆေးခြင်းပျက်ကွက်မှုမရှိပဲဘေး
- အန္တရာယ်မဖြစ်စေရန်မိမိကိုယ်ကိုကာကွယ်ပါ။

ဝါယာကြိုးစစ်ဆေးခြင်းကိုလုပ်ဆောင်ရန်

လောက်လွှဲလုံဝါယာကြိုးစစ်ဆေးခြင်း

※ ဝါယာကြိုးပြတ်နေနိုင်သည်။ဝါယာကြိုး၏အခြေအနေနှင့်ဆွဲချည်ထားထောင့်ကိုစစ်ဆေးပါ



① ၁။တစ်ခုနှင့်တစ်ခုကြားဝ၀%ထက်ပို၍ပျက်စီးနေသောကြိုး
② ၂။ပုံမှန်ကြိုးလုံးပတ်၏အချင်းထက်၇%လျော့နေသောကြိုး
③ ၃။လိမ်ကောက်နေသောကြိုး
④ ၄။သိသိသာသာပျက်စီးနေသော၊ချေးတက်နေသောကြိုး
⑤ ၅၊အထုန်းနေရာပျက်စီးနေသောကြိုး
⑥ ၆။ပုံပျက်နေသော၊လိမ်နေသောကြိုး
⑦ ၇။ပုံမှန်အရှည်ထက်၅%ရှည်ထွက်နေသောချိန်းကြိုး

(၂) စည်းရုံးရေးသည်အလုပ်၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးပြီးမတော်တဆမှုကိုလျော့ချပေးသည်။

တာဝန်ယူရမည့်အလုပ်ခွင်တွင်စည်းရုံးမှုဖြင့်မတော်တဆဖြစ်မှုနှုန်း လျော့ချနိုင်ပြီးကောင်းမွန်သောလုပ်ငန်းခွင်အဖြစ်တည်ဆောက်ပါ။

4Sလုပ်ဆောင်ချက်

စည်းရုံးရေး

လိုအပ်သော၊မလိုအပ်သော အရာခွဲပြီးဦးစားပေးအလုပ်ကိုခွဲခြားထားပါ။

စနစ်တကျ

လိုအပ်သည့်အရာကိုအမြဲတမ်းရရှိနိုင်သည့်သတ်မှတ်ထားသောနေရာတွင်ထားပါ

သန့်ရှင်း

ဆိုက်ကိုသန့်ရှင်းသပ်ရပ်စနစ်ကျမှုကိုထိန်းသိမ်းပြီးမည်စ်ပ

သန့်ရှင်းရေး

သန့်ရှင်းသပ်ရပ်၍အမှိုက်ကင်းစင်သောအချက်ကိုသတိပြု၍ပြဿနာကိုမြင်တွေ့အောင်လုပ်ဆောင်ပါ။

(၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းဖြစ်တတ်သောအန္တရာယ်(၁)

ဖြစ်ပွားမှုအခြေအနေ

သံချောင်းငယ်များကိုင်ထားစဉ်၊အောက်ခြေတွင်စုထားသောသံချောင်းများတက်နင်းမိ၍သံချောင်းလိမ့်၍ချော်လဲကျခြင်း။ သံချောင်းများကိုချည်နှောင်ထားခြင်းမရှိသဖြင့်၊တစ်ချောင်းခြင်းလှိမ့်ခြင်း။

လိုက်နာရန်အချက်

① ၁။သံချောင်းများစုထားသောအခါ၊မဖြစ်မနေသံကြိုးများဖြင့်စုစည်းချည်၍လိမ့်မသွားအောင်ဆောင်ရွက်ပါ။

② ၂။လူသွားလမ်းတွင်ပစ္စည်းများမထားရ။

(၄) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းဖြစ်တတ်သောအန္တရာယ်(၂)



ဖြစ်ပွားမှုအခြေအနေ

ပစ္စည်းကျသဖြင့်ကောက်ယူပြီးပြန်ထစဉ်ခုံနှင့်ကျောတိုက်မိခြင်း။
ကျဉ်းမြောင်းသောနေရာသို့ပစ္စည်းပြုတ်ကျသဖြင့်ကျိုးကြောင်းမညီသောကိုယ်ဟန်ဖြင့်ကောက်ယူရန်ကြိုးပမ်းခြင်း။ဆောက်လုပ်ရေးခုံနေရာအားသေချာမစစ်ဆေးခြင်း။အလျင်အမြန်တက်ခြင်း။

လိုက်နာရန်အချက်

① ၁။ကျဉ်းမြောင်းသောနေရာများသို့လက်ဆန့်မထုတ်ရန်။
② ၂။သံလိုက်ကဲ့သို့သောပစ္စည်းများသုံး၍ကောက်ယူခြင်း၊အလွန်အကျွံဖြစ်သောကိုယ်ဟန်အနေအထားဖြင့်မယူပါနဲ့။
③ ၃။ပစ္စည်းနှင့်စားပွဲတည်နေရာအားအမြဲစစ်ဆေးပါ။ခန္ဓာကိုယ်နဲ့ထိခြင်းများရှောင်ကြည်ပါ။
④ ၄။အလုပ်အားစိတ်အေးအေးထား၍လုပ်ဆောင်ရန်။

(၅) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းဖြစ်တတ်သောအန္တရာယ်(၃)

ဖြစ်ပွားမှုအခြေအနေ

သံကွေးစက်သုံးချိန်သားရေလက်အိတ်သည်စက်ထဲညပ်၍လက်ထိမိခြင်း
လုပ်နေကျဖြစ်သဖြင့်ကိုယ့်ကိုကိုယ်ယုံကြည်ကာသတိမထားပဲအလုပ်လုပ်ခြင်း။လက်အိတ်ညပ်ခြ
င်းများဖြစ်နိုင်သဖြင့်ရိုလာအနီးနားတွင်မထားရ။

လိုက်နာရန်အချက်

① ၁။ထပ်ခါတစ်လဲလဲလုပ်ရသောအလုပ်များတွင်အာရုံစူးစိုက်မှုမလျော့သွားစေရန်
② ၂။ကာကွယ်ရေးပစ္စည်းများအားမှန်ကန်စွာဝတ်ဆင်ရန်။
③ ၃။ပတ်၍ပါသွားနိုင်သောအရာများကိုကြိုတွေး၍အကူအညီဖြစ်မည့်နေရာများကိုရှာထားပါ။

(၆) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းဖြစ်တတ်သောအန္တရာယ်(၄)



ဖြစ်ပွားမှုအခြေအနေ

သံချောင်းစုများကိုကရိန်းဖြင့်သယ်ဆောင်ရန်ပြင်ဆင်စဉ်၊လက်တစ်ဖက်မှပစ္စည်းများထိန်းလျက်ကျန်လက်တစ်ဖက်ဖြင့်ရမှုကွန်ထရိုး(အဝေးထိန်းစက်)ဖြင့်ထိန်းချုပ်စဉ်ပစ္စည်းများတွင်လက်ညပ်ခြင်း။ပစ္စည်းများတွင်စိတ်ရောက်၍အဝေးထိန်းခလုတ်အားမစစ်ဆေးပဲနှိပ်မိခြင်း။

လိုက်နာရန်အချက်

① ၁။အဝေးထိန်းခလုတ်သုံးလုပ်ငန်းစဉ်တွင်ဖြစ်နိုင်သမျှလက်နှစ်ဖက်ဖြင့်သေချာစစ်ဆေးကိုင်တွယ်ပြီးလုပ်ဆောင်ရန်။

② ၂။တခြားအလုပ်လုပ်လျက်ချိန်ဆခလုတ်အားလုံးဝမနှိပ်ရန်။အဝေးထိန်းလုပ်ငန်းလုပ်ပါကထိုအလုပ်တွင်သာအာရုံစိုက်လုပ်ရန်။

(၇) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းဖြစ်တတ်သောအန္တရာယ်(၅)

ဖြစ်ပွားမှုအခြေအနေ

သံချောင်းကြီးများကိုလူနှစ်ယောက်ဖြင့်ကွေးခြင်းလုပ်ငန်းလုပ်ဆောင်စဉ်၊ကောက်ပြီးသားသံချောင်း အားအောက်သို့ချရန်ပြင်ဆင်ချိန်ဖြတ်ထားသောသံချောင်းထိပ်ပိုင်းဖြင့်လက်ရှမိခြင်း လုပ်ရမည့်အရေအတွက်များသဖြင့်သံချောင်းအပြတ်နေရာအားသတိမမူပဲအာရုံစူးစိုက်မှုလျော့နည်း လာခြင်း။နွေရာသီတွင်ပူလွန်းသဖြင့်အကျီလက်တင်၍အလုပ်လုပ်ခြင်း။

လိုက်နာရန်အချက်

① ၁။လွယ်ကူသောပြီးအသားကျနေသောအလုပ်ပင်ဖြစ်လင့်ကစားအားရုံစူးစိုက်၍စိတ်မလွင့်စေရန် သတိပြုပါ။

② ၂။သံချောင်းအပြတ်နေရာသည်ချွန်၍ပြတ်တတ်သည်ကိုသတိပြုရန်။

③ ၃။နွေရာသီတွင်အကျီလက်တင်၍အလုပ်လုပ်ခြင်းမပြုရ။

④ ၄။လက်အိတ်သည်အလွန်ထိရောက်သဖြင့်အသုံးပြုသင့်သည်။

(၈) ဆိုက်ထဲတွင်ထိခိုက်ဒဏ်ရာမဖြစ်စေရန်

- လောက်လွဲဝါယာစစ်ဆေးခြင်း၊ဒေါင့်နေရာများစစ်ဆေးခြင်းကိုပြုလုပ်ရန်။
- ဆိုက်ထဲတွင်4Sလမ်းစဉ်အတိုင်းလိုက်နာဆောင်ရွက်ရန်။စနစ်တကျလုပ်ဆောင်ရန်။
- အလုပ်လမ်းကြောင်းအားစစ်ဆေးရန်။ပစ္စည်းများပေါ်မှလမ်းလျောက်ခြင်းမပြုရန်။
- ကျဉ်းမြောင်းသောနေရာမျိုးတွင်မဖြစ်နိုင်သောအခြေအနေဖြင့်လက်ထည့်ခြင်းများမပြုရန်။
- စက်ပစ္စည်းနှင့်လက်အိတ်ညပ်တတ်သဖြင့်အထူးသတိထားရန်။
- ကရိန်းလုပ်ငန်းများတွင်၊ထိန်းချုပ်ခြင်းအားစိတ်ရောက်နေ၍ဝန်ကလှုပ်နေသော်လည်းထိန်းခြင်းမရှိလုပ်ဆောင်ခြင်း။
- သံချောင်းအပြတ်သည်အလွန်ချွန်ထက်သည်။ထို့ကြောင့်အသွားနေရာအားအထူးသတိပြုကိုင်တွယ်ရန်။

ဆိုက်ထဲတွင်အလုပ်လုပ်စဉ်၊သင်သည်အန္တရာယ်ရှိသောနေရာတွင်အလုပ်လုပ်နေသည်ကိုမေ့လျော့၍ပတ်ဝန်းကျင်နှင့်အသားကျသွားတတ်သည်။အမြဲတမ်းသင်အန္တရာယ်နှင့်ကြုံတွေ့နိုင်ကြောင်းကိုသတိရပါ။